"အဲလောက် ဆန္ဒပြင်းပြနေရင်လည်း ငါတစ်ခုတော့ အကြံဉာဏ်ပေးကြည့်မယ် မြရီ၊ တောင်ဒဂုံမှာ ငါ့အစ်မ ဝမ်းကွဲရှိတယ်၊ အဲဒီ အိမ်မှာ ခဏနေ၊ ငါက နို င်းမဟာပြန်လာရင် ငါ့အစ်မက တစ်ဆင့် ညည်းဆီကို ဖုန်းဆက်ပြောမယ်၊ ညည်းအဲဒီ အချိန်မှ ဒေါ်တင်တင်သော် မသိအောင် တွေ့ကြည့်ချင်ရင် တွေ့ကြည့်ပေါ့"

"ကျေး ကျေးဇူးတင်ပါတယ် မမအိရယ်၊ ကျွန်မ အဲလိုလုပ်ကြည့်ချင်ပါတယ် "

မခင်အိစကားကို မြရီ ဝမ်းသာအားရ လက်ခံကာ နောက်ဆုံးမျှော်လင့်ချက်လေးဖြင့် မခင်အိအစ်မအိမ်မှာ သွားစောင့်နေရသည်။ နောက်သုံးလေးရက်လောက်နေမှ မခင်အိအိဆီက ဖုန်းလာသည်။

"သူတို့ ပြန်လာကြပြီ ညပိုင်း နိုင်းမဟာက သူငယ်ချင်းတွေ ကို ဘက်ချလာနိုက်လုပ်ဖို့ ဆိုလား ကျွေးဖို့ မွေးဖို့ တစ်ယောက် တည်း အပြင်ထွက်လိမ့်မယ်၊ ခက်ခက်နွယ်က ခရီးပန်းလို့ မလိုက်တော့ဘူး ပြောတယ်၊ သူပြန်လာမယ့်အချိန် ဖြစ် ဖြစ်၊ လမ်းထိပ်ကနေ စောင့်ပြီး ပြောကြည့်ချင် ပြောလေ၊ လွယ်မယ်တော့ မထင်ဘူး မြရီ၊ သူ မိန်းမ မန္တလေးသူကလည်း အချောသားဟဲ၊ ပညာတတ် ဆွေကြီးမျိုး ကြီးထဲကဆိုတော့ ဣန္ဒြေရရနဲ့ ယဉ်ယဉ်ကျေးကျေးလေးရယ်၊ ကြိုး တော့ ကြိုး စားကြည့်ပေါ့ဟယ် "

မခင်အိအိအသံ အားမပါလှပေမယ့် နိုင်းမဟာ ကားဝင်လာနိုင်သော လမ်းထိပ်မှာ မြရီ အချိန်ကုန်အောင် စောင့်ကြည့်သည်။ မီးရောင် ဝေးဝေး လူရှင်းသော ရေတမာပင်အောက်လေးမှာ ထိုင်စောင့် နေမိတာမို့ တချို့ဖြတ်သွားဖြတ်လာ ကားတွေ ပေါ်က သူမကို စူးစမ်းသလိုဖြင့် လည်ပြန်လှည့်ကြည့်သွားကြသည်။

ဘယ်လိုပဲ ထင်ထင်၊ ဘာ ဖြစ် ဖြစ် သူမ ဂရုမစိုက်နိုင်ပါ။ လက်ဆွဲအိတ်လေးကို ရင်မှာ ပိုက်ပြီး ရင်သွေးလေးအတွက် ဇွဲရှိရှိနှင့် အားတင်းရသည်။

"ဟင်"

ညဉ့် ဆယ့်နှစ် နာရီကျော် တစ်နာရီဝန်းကျင်လောက်မှ နိုင်းမဟာရဲ့ မီးရောင် လေး လက်ခနဲ မြင်ရသည်။ သူမ အရဲတိုးကာ ကားလမ်းမပေါ် တည့်တည့်ရပ်နေလိုက်၏။

ကိုယ် ဒီစကားအပြင် မပြောနိုင်တော့ပါဘူး ၊ မေမေပေးလိုက်တဲ့ ငွေနဲ့ မလုံလောက်ရင် ကိုယ်ထပ်ပေးပါ့မယ် ”

“ရှင်တို့ လူချမ်းသာတွေ က ငွေစကားပဲ ပြောတတ်သလား ဦးနိုင်းမဟာ ၊ ကျွန်မက ရှင်တို့ ရဲ့ စည်းစိမ်ချမ်းသာ ငွေကြေးတွေ ကို မက်မောလို့ တွယ်ကပ်နေတာ မဟုတ်ပါဘူး ။ ရင်သွေးအတွက် အောက်ကျခံနေတာ ၊ မာနကို ရောင်းစားနေတာလည်း မဟုတ်ဘူး ၊ ရှင့်ဘက်က ဒီစကားပဲ ပြောတတ်သလို ကျွန်မဘက်ကလည်း ဘာမှ တောင်းဆိုစရာ မရှိတော့ပါဘူး ၊ ဒါပေမဲ့ ကျွန်မနဲ့ ထပ်မဆုံအောင် ဒီနေ့ ကစပြီး ဆုတောင်းထားပေတော့ ဦးနိုင်းမဟာ ၊ ဒီသံသရာထဲမှာ ပြန်ဆုံရင် ကျွန်မရဲ့ မုန်းတီးနာကြည်းမှု တွေ က ရှင်တို့ လူချမ်းသာတွေ ကို လက်တုံ့ ပြန်ရမှ ကျေနပ်နိုင်လိမ့်မယ် ”

အကြည့်စိမ်းတို့ ဖြင့် သူမ ကျိန်စာ တိုက်ပစ်ခဲ့၏ ။ နော်လှည့် မကြည့်ခဲ့သော ခြေလှမ်းတွေ က ဦးတည်ရာမဲ့နေပေမယ့် မြန်ဆန် သွက်လက်နေသည် ။

ကံဆိုးမသွားရာ မိုးလိုက်လို့ ရွာတာလား ။ ညဥ့်နက်နက်မှာ အုံ့ မှို င်းမဲညစ်နေသော မိုးသားပြင်က ဝုန်းဝုန်းဒိုင်းဒိုင်း ရွာချလာသည် ။ မိုးရေစက်တွေ ကြောင့် ရှေ့မှာ ဘာမှမမြင်ရ ။ ဒါပေမဲ့ သူမခြေလှမ်းတွေ တုံ့ နှေးရပ်တန့် မသွား ။

ဒီနေရာ ဒီဝန်းကျင်ရဲ့ အဝေးဆုံးကို ရောက်ချင်နေသည် ။ ဒီလူတွေ ရဲ့ အဝေးဆုံးကို ရောက်သွားရင်ရော သူမစိတ်ဖြေသာနိုင်ပါ့မလား ။ ဟင့်အင်း သူမရင်တစ်ခုလုံး မွမွကြေလျက် သွေးစိမ်းရှင်ရှင် ပန်းထွက်နေသည် ။

သွေးမတိတ်သော ဒဏ်ရာတွေ ကို ပေးလိုက် တာက ဒေါ်တင်တင်သော် နှင့် နို င်းမဟာ ။

ဒီအချိန်မှာ ထိုဒဏ်ရာအတွက် လက်တုံ့ ပြန်ဖို့ သူမမှာ ခွန်အားမရှိ ။ သွေးစက်တွေ က မျက်ရည်တွေ အ ဖြစ် ပြောင်းလဲကာ မိုးရေတွေ နှင့် ရောပြီး အမြင်အာရုံတွေ ဝေဝါးနေ၏ ။

ဥပေက္ခာမျက်လုံးတွေ

